


www.free4reader.com

# အကယ်ဒမီ ဆုရှင်တို့ ကြည်နူးပီတိစကားသံ









**အကယ်ဒမီကိုကျွန်တော် ခံယူထားတာကတော့ ဒီလိုလူသိရှင်ကြား၊ တိုင်းပြည်အရှေ့မှာတကယ့် ပညာရှင်တွေအကြီးအကဲတွေရဲ့ ရှေ့မှာထူးချွန်တယ်ဆိုတာကို........**

"ကျွန်တော်ရဲ့ သက်ရှိထင်ရှား ရှိနေသေးတဲ့ အဖေနဲ့၊ အမေနဲ့ အတွက်တစ်ဆုစီယူပေးနိုင်ပြီဖြစ် တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါ တယ်။ ဒါ့အပြင် ကျွန်တော့်သားနဲ့ သမီးနှစ်ယောက်အတွက် တစ်ဆုစီယူ ပေးနိုင်တဲ့အတွက်လည်း ဝမ်းသာပါ တယ်။ ပြီးတော့ ကျွန်တော်လေးစား ရတဲ့ ဘဘဝိုလ် ကလေးတင့်အောင်က ဒီလိုနေရာမှာ လက်ဆွဲနှုတ် ဆက်ပြီး ဆက်ကြိုးစားပါလို့ အားပေးစကား ပြောခံရတာကိုလည်း ဂုဏ်ယူပါ တယ်။ အကယ်ဒမီ ကို ကျွန်တော် ခံယူထားတာကတော့ ဒီလိုလူသိရှင် ကြား၊ တိုင်းပြည်အရှေ့မှာ တကယ့် ပညာရှင်တွေ အကြီးအကဲတွေရဲ့ ရှေ့မှာ ထူးချွန်တယ်ဆိုတာကို ထိုက် ထိုက်တန်တန် ဂုဏ်ပြုလိုက်တဲ့ ဆုတစ်ဆုလို့ ခံယူထားပါတယ်။ ဒါ့အပြင်ဆက်ပြီးတော့ ကြိုး စားပါ ဆိုတဲ့ တွန်းအားကိုပေးတဲ့ ဆုတစ် ဆုလို့ခံယူထားပါတယ်။ ၂၀၀၉ခုနှစ် မှာဖော်က ကနေသည်ံနဲ့ ရတဲ့ဆုတစ် ဆုနဲ့ ကျွန်တော်ကြိုးစားလို့ မကုန် သေးပါဘူး။ အခုနောက်ထပ်တစ်ဆု ရတယ်ဆိုတော့ အများကြီး ဆက်ကြိုး စားသွားမှာပါ။ ကျွန်တော့်ကို ကြိုးစားခွင့်ပေးတဲ့ ပုဂ္ဂိုလ်တွေအား လုံးကို ကျေးဇူးတင်ပါတယ်။ ဒီဇာတ် ကားအတွက်လည်း အများကြီး အကူအညီ အကြံဉာဏ်တွေပေး ကြသူ အားလုံးကို ကျေးဇူးတင်ပါ တယ်"

*မီရာမိုရ်*
*(တေးဂီတဆု- လူ့ရတနာသိုက် ဇာတ်ကား)*

**ဇာတ်ကားကောင်းပေါင်းများစွာ ထွက်ပေါ်လာအောင်....**

"နိုင်ငံတစ်ခု တည်ဆောက် တဲ့ နေရာမှာ တိုးတက်ပြီးတော့ ငြိမ်း ချမ်းတဲ့ နိုင်ငံတစ်ခုတည် ဆောက်တဲ့ နေရာမှာ ရုပ်ရှင်ဟာလည်း အဓိက အခန်းကဏ္ဍက ပါဝင်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန် တော်တတ်စွမ်းတဲ့ အတတ်ပညာနဲ့ တတ်နိုင်တဲ့ဘက်ကနေ ရုပ်ရှင် ဇာတ်ကားကောင်း ပေါင်း များစွာ ထွက်ပေါ်လာအောင် ကြိုးစားသွား မယ်လို့ပြောချင်ပါတယ်"

*ဉာဏ်ဝင့်*
*(တည်းဖြတ်ဆု-ဇေဝင်ရဲ့ နတ်သမီး)*

**ကျွန်တော်ရုပ်ရှင်လောကမှာ နှစ်ပေါင်းလေးဆယ်လောက် ဖြတ်သန်းပြီးချိန်မှာပထမဆုံး ချီးမြှင့် ခံရတဲ့ဆုဖြစ်တဲ့အတွက် အရမ်းကို တန်ဖိုးထားပါတယ်.....**

"ကျွန်တော် ရုပ်ရှင်လောကမှာ နှစ်ပေါင်းလေးဆယ်လောက် ဖြတ်သန်းပြီးချိန်မှာ ပထမဆုံး ချီးမြှင့် ခံရတဲ့ဆုဖြစ်တဲ့အတွက် အရမ်းကို တန်ဖိုးထားပါတယ်။ဝမ်းလည်းသာ ပါတယ်။ ဒါကျွန်တော်တို့ရဲ့ အိမ်မက် ပါ။ ကျွန်တော် အယ်ဒီတာ ဘဝက တည်းက တည်းဖြတ်ဆုကို ကြိမ်ဖန် များစွာ အိမ်မက်မက်ခဲ့ဖူးပါတယ်။ လွဲခဲ့ပါတယ် ။ကျွန်တော် ဒီဆုကို ရတဲ့အတွက် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနှစ်ပေါင်းလေးဆယ်မှာ ကျွန်တော် နဲ့ အတူ ဆိုးတူကောင်းတူ ဖြတ်သန်းခဲ့တဲ့ ကျွန်တော့်ဇနီးဖြူ ကိုလည်း ကျေးဇူးတင်ပါတယ်"

*ညွှန့်.မြန်မာညီညီအောင်*
*(ဒါရိုက်တာဆု- အုတ်ကြွားမြက်ပေါက်)*

"ခုလို စင်မြင့်ပေါ်မှာ ဆုယူခွင့် ရတာဟာ ဒါရိုက်တာ ကိုဇော် (အာရကန်ဦး)ရဲ့ ကျေးဇူးကြောင့်ပါ။ ဒီဆုရရှိခဲ့တဲ့အတွက် ကျေးဇူးတင် ထိုက်တဲ့သူတွေအားလုံး ကိုကျေးဇူး တင်ပါတယ်ခင်ဗျာ"

*မောင်မြင့်၊အေးမင်း၊အငယ်လေး*
*(ခေတ်ပုံဆု-လူ့ရတနာသိုက်)*



**မြန်မာရုပ်ရှင်အသံပိုင်းနဲ့ ပတ်သက်ပြီးတော့ကိုယ်တတ်စွမ်း သလောက်ဆက်လက် လုပ်ကိုင်သွားပါမယ်....**

"ဒီနေ့ မြန်မာရုပ်ရှင်ထူး ချွန်ဆု အခမ်းအနားကို လူကိုယ်တိုင် တက်ရောက်မလာနိုင်ပေမယ့် ကျွန် တော်တို့ ရုပ်ရှင်လောကသားတွေကို မေတ္တာရှေ့ထားပြီးတော့ သဝဏ်လွှာ ပေးပို့ပေးတဲ့ ကျွန်တော် လေးစားချစ် ခင်ရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လည်းကောင်း၊ လူကိုယ် တိုင် တက်ရောက်ပေးတဲ့ ဒုတိယသမ္မ တကြီးနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးက အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ် များအားလုံး၊ နောက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများ နဲ့ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌကိုလူ မင်း၊ ရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင် များ၊ ကျွန်တော်တို့ ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်ပေးတဲ့ ဆရာ၊ ဆရာမများ စာနယ်ဇင်းမှ ဆရာ၊ ဆရာမများ အားလုံး၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်မောင်နှမများ အားလုံး နဲ့ ဒီကနေ့ အခမ်းအနားကို မြန်မာ့ ရုပ်မြင်သံကြားကနေ ကြည့်ရှုနေတဲ့ တစ်ပြည်လုံးက မြန်မာ့ရုပ်ရှင် ချစ် ပရိသတ်ကြီးများအားလုံး စိတ်၏ချမ်း သာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့

*စာ-ဗိသွ်*



ကျွန် တော်တတ်စွမ်းတဲ့ အတတ်ပညာနဲ့ တတ်နိုင်တဲ့ဘက်ကနေ ရုပ်ရှင်

ခုလိုစင်မြင့်ပေါ်မှာ ဆုယူခွင့်ရတာဟာ ဒါရိုက်တာကိုဇော် (အာရကန်ဦး)ရဲ့ ကျေးဇူးကြောင့်ပါ။



www.free4reader.com

ပေါ်ပြူလာသရော်စာ

# ပွဲတက်နတ်

အကြည်တော်



**တစ်နှစ်တစ်ခါကျမှပွဲလုပ်ပြီး အကယ်ဒမီနတ်ကြီးတယ်၊ နတ်ကြီးတယ်ပြောပြီးတာနဲ့ အဲဒီအကယ်ဒမီတစ်နှစ်မှ ကောင်းကောင်းမွန်မွန် ပြီးဆုံးတာမဟုတ်ဘူး။ မတရားဘူး။ မတရားဘူးချည်း အပြောခံနေရတာ...။**

ဦးမင်းကျော် အကြီးအကျယ် လေနေသည်။

"ဒီကောင်ဘယ်ကကောင်လဲ"

ခါးထိုးထားသော အရက်ပင် မသောက်နိုင်ဘဲ ထအော်သည်။ အိမ်တွင်း မင်းမဟာဂီရိဖြစ်သော ပန်းပဲမောင်တင့်တယ်က

"အေးဗျာ၊ ကျုပ်လည်း Gym တွေမှာ နည်းပြစလုပ်ကတည်းက နတ်လောကနဲ့ နည်းနည်းမျက်ခြည် ပြတ်သွားတာ။ နွဲ့နွဲ့စပ်စပ်ရှိတဲ့ မနှဲ့ လေးတော့ သိမလားပဲ"

မနှဲ့လေးက ကွေးနေတဲ့ ခန္ဓာ ကိုယ်ကို ထပ်ကွေးလိုက်ပြီး

"ကျုပ်လည်း ဒန်းစီးနေတာနဲ့ သတိမထားမိဘူး။ ဒါပေမဲ့ တစ်နှစ် တစ်ခါတော့ အသံကြားရသလားပဲ"

ဦးမင်းကျော် အနည်းငယ်တင်း သွားသည်။ ဘေးနားငုတ်တုတ်ထိုင် နေသော အမေဂျမ်းဘက်လှည့်ပြီး

"ဟဲ့မိဂျမ်းနင်ကော မသိဘူး လား"

ဦးမင်းကျော်အမေးကို နဂို ဒေါသကြီးသော အမေဂျမ်းက

"စဆရက လာလုပ်နေသေး တယ်။ ပါးဖြတ်ရိုက်လိုက်လို့ သောက် ခွက်ပါပရမ်းပတာ ဖြစ်သွားမယ်။ နမဆပ"

"ဟဲ့ ကောင်မ နင်ငါ့ကို မဆဲနဲ့"

"နောက်မှဆက်ပြောလို့ပြောတာ။ ဝန်းစကားလေးဘာလေး တတ် အောင် ဖေ့စဖုတ်လေး ဘာလေး ပွတ်ကြဦး။ အားတိုင်း ယားတိုင်း လာမမေးနေနဲ့။ ရပ်ကွက် ပတ်ဆဲ နေရတာနဲ့တင် မအားဘူး"

ဦးမင်းကျော် အနည်းငယ်တော့ ညစ်သွားသည်။ နောက်မှ သတိ ရပြီး

"ခုမှသတိရတယ်။ ဦးရှင်ကြီး ၊ ခင်ဗျားက အထက်အောက် ဆန်နေ ရသူဆိုတော့သိသလားပဲဒီကိစ္စကို"

"ပွဲနည်းလို့ညစ်နေရတဲ့ အထဲ ဘာတွေလာမေး နေတာလဲ။ အခုတ လောပွဲရှိရင်လည်း ကိုယ် စားရတယ်ကို မရှိဘူး။

"ရေငန်ပိုင်တစ်ရိုးပိုင်ကားစိုး ပါတဲ့ ပုလဲမြို့ရှင်" ဆိုတာနဲ့ အဘေးလေးတွေက ငါ့အတွက် တင်ထားတာ ယူစားနေကြလို့ ငတ်ပြီးဘယ်မှ မသွားနိုင်တာ ကြာပြီ။ဒါနဲ့ ခင်ဗျားမေးနေတာ ဘာလဲ"

ထိုတော့မှဦးမင်းကျော် လည်း ဒေါသထွက်ပြီး

"အား...

ခင်ဗျားတို့က လည်း အခုလိုအချိန်ဆို ထွက် ထွက်လာတဲ့ နတ်လေဗျာ၊ နတ်"

အားလုံးအံ့အား သင့် သွားသည်။ ပြီးနောက် တစ် ယောက်တစ်ပေါက်နှင့် ...။

"ဘာနတ်တုန်း။ နတ်ဆို လို့ ကျုပ် တို့ အတွင်း၃၇၊ အပြင် ၃၇မင်းပဲရှိတာ။ ခု ဘာနတ်က ပေါ်လာတာတုန်း"

"အေးလေ၊ တို့နတ်လောကမှာ ဒီနတ်၊ ဒီနတ်ရှိတာ၊ခုက ဘာနတ် တုန်း"

"ကိုမင်းကျော် အလင်းပြ၊ ဘာ နတ်ဆိုတာ။ ရှင်မပြ၊ ကျွန်မပြမှာ နော်"

ဦးမင်းကျော် သက်ပြင်းချပြီး

"အကယ်ဒမီနတ်"

"ဘာ၊ ဘယ်လို"

"အကယ်ဒမီနတ်ဟုတ်လား"

အားလုံးအံ့အားသင့်နေကြသည်။ နောက်မှ

"အကယ်ဒမီနတ်ဟုတ်လား"

"အင်း၊ ဟုတ်တယ်"

ဦးရှင်ကြီးမျက်မှောင်ကျုံ့သွား သည်။ ပြီးမှ

"နေပါဦး၊ ဒီအကယ်ဒမီနတ် ဆိုတာ ဘယ်ကောင်သေပြီး နတ် ဖြစ်လာတာလဲ"

ဦးမင်းကျော်ပုလင်းကို ထုချပြီး "ကျုပ်လည်းအဲ့ဒါသိချင်နေတာဗျ။ ဘယ်ကောင်သေပြီး နတ်ဖြစ်တယ် မသိဘူး။ ဒီလိုအချိန်မျိုးရောက်ရင် 'အကယ်ဒမီနတ်ကြီးတယ်၊ အကယ် ဒမီနတ်ကြီးတယ်' ချည်းအော်နေကြ တာ ကျုပ်တို့ကိုတောင် သတိမရကြ ဘူး၊ တောက်"

သူ့စကားကို အိမ်တွင်း မင်း မဟာဂီရိတင်းသွားသည်။

"ဘာဗျ၊ အကယ်ဒမီနတ်ကြီး တယ်ဟုတ်လား။ ဟောဒီပန်းပဲ မောင်တင့်တယ်လောက်ကြီးဦး မလား။ ပန်းပဲထုလာတဲ့ကောင်ဗျ။ လူကြည့်တော့ လက်မောင်းလောက်၊ လက်မောင်းကြည့်တော့ လူလောက် ကောင်နော်၊ ဟွန်း၊ အကြီးပြိုင် လိုက်လို့"

ဒါကိုဘေးနားက အမေဂျမ်း ကလည်း

"အိုတော်၊ အဲဒါမျိုးဆို ကျုပ် လည်း အကျယ်ပြိုင်လိုက်ချင်သေး၊ အာ ပြောပါတယ်။ ကျုပ်လောက်ပဲ ကျယ်နိုင်ဦးမလား"

"တိတ်စမ်း"

ဦးမင်းကျော် ထအော်သည်။ ပြီးမှ

"ဘယ်သူ၊ ဘယ်ကောင်မသေပြီး နတ်ဖြစ်မှန်းမသိ။ တစ်နှစ် တစ်ခါ ကျမှ ပွဲလုပ်ပြီး အကယ်ဒမီ နတ်ကြီး တယ်၊ နတ်ကြီးတယ်ပြောပြီးတာနဲ့ အဲဒီအကယ်ဒမီတစ်နှစ်မှ ကောင်း ကောင်းမွန်မွန် ပြီးဆုံးတာ မဟုတ် ဘူး။ မတရားဘူး။ မတရားဘူးချည်း အပြောခံနေရတာ။ ကျုပ်တို့ နတ် တွေသိက္ခာကျတယ်။ အဲဒီတော့ အကယ်ဒမီနတ်ကို ရအောင် စုံစမ်းပြီး ဆုံးမရမယ်"

သူ့စကားကိုဦးရှင်ကြီးကလည်း တက်ကြွစွာဖြင့်

"ဟုတ်လား နတ်ဖြစ်ပြီး သမာ သမတ်ကျအောင်မလုပ်ရင် ကျုပ်တို့ နတ်ဟောင်းတွေ သိက္ခာကျတယ်။ ဒါမျိုး ဆုံးမရမယ်"

မနှဲ့လေးကလည်း

"မနှဲ့လေးဒန်းပေါ်ကဆင်းပြီ ဟေ့။ ဒါနဲ့ အဲဒီအကယ်ဒမီနတ်ကို ဘယ်လိုစုံစမ်းရမလဲ"

"အေး၊ ဟုတ်သားပဲ၊ ဘယ်မှာ နေတဲ့နတ်၊ ဘယ်သူသေတဲ့ နတ်မှန်း မသိဘဲ"

အိမ်တွင်းမင်းမဟာဂီရိကပါ လှမ်းမေးသည်။ ဒါကို ဦးမင်းကျော် က မဲ့ပြုံးပြုံးပြီး

"လွယ်ပါတယ်။ ဒီရက်ပိုင်း အတွင်း အဲဒီအကယ်ဒမီနတ် အတွက် ပွဲကျင်းပဖို့ရှိတယ်။ ကျုပ်တို့ အားလုံး အဲဒီပွဲသွားပြီး စုံစမ်းလိုက် ရုံပဲ"

အားလုံးတက်ကြွကုန်၏။

"အေးဟုတ်တယ်။ တို့အားလုံး အကယ်ဒမီပွဲတက်ကြမယ်။ မဟုတ် တာလုပ်လို့ကတော့ ပွဲကြမ်းကြမယ်"

"အေး၊ ဟုတ်တယ်ဟေ့။ အမှန် အတိုင်းဖြစ်ရမယ်ဟေ့"ဆိုကာ နတ် အားလုံး အကယ်ဒမီ နတ်အကြောင်း သိရအောင် အကယ်ဒမီပေးပွဲအတွက် ပြင်ဆင်နေကြလေတော့သည်။

*အကြည်တော်*



ရွှေဝတီ
ဒီဇိုင်နာ - ဇေအေးအေးသွယ်(A.A.T Fashion)
မိတ်ကပ်ဆံပင် - ထက်ထက်(ကြည့်မြင်တိုင်)
ပိုးထည် - ဇေအေးအေးသွယ်(A.A.T Fashion)

နန္ဒာမွှင့်နိုင်
ဒီဇိုင်နာ - Aroma (Zulu Studio)
မိတ်ကပ်ဆံပင် - Aroma(Hair & Beauty Spa)
ပိုးထည် - နန်းခေတ်(အမရပူရ)

မှုံ
ဒီဇိုင်နာ - Aroma (Zulu Studio)
မိတ်ကပ်ဆံပင် - Aroma(Hair & Beauty Spa)
ပိုးထည် - နန်းခေတ်(အမရပူရ)

စိုးနန္ဒာကျော်
ဒီဇိုင်နာ - Aroma (Zulu Studio)
မိတ်ကပ်ဆံပင် - Aroma (Hair & Beauty Spa)
ပိုးထည် - နန်းခေတ်(အမရပူရ)

စိုးစမ်း
ဒီဇိုင်နာ - နီနီ (ဇတ်ရှင်)
မိတ်ကပ်ဆံပင် - နီနီ (ဇတ်ရှင်)
ပိုးထည် - တော်ဝင်ထိပ်ထား(ယုဇနပလာဇာ)

www.free4reader.com



လှလှမိုး

ခင်ဇာခြည်ကျော်






www.free4reader.com

# ၂၀၁၆ ခုနှစ်အကယ်ဒမီဆုပေးပွဲနှင့် ဖိတ်စာဂယက်

အခုနှစ် ပြည်သူ့ရင်ပြင် အတွင်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွက် အကယ်ဒမီ ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲကို တက်ရောက်နိုင်ရန်အတွက် ထိုင်ခုံအရေအတွက် ၂၈၀၀ အထိ ထားရှိခဲ့ပြီး အစိုးရအဖွဲ့ဝင်များ ၊အဓိက Main စပွန်ဆာအဖြစ် ကူညီပံ့ပိုးပေးထားတဲ့ Bella ကုမ္ပဏီ၊ အခြားကူညီပံ့ပိုးပေးကြသူများကိုလည်း ဖိတ်ကြားခဲ့ပါတယ်။

အကယ်ဒမီ ဖိတ်ကြားရေးအပိုင်းတွေမှာ အခက်အခဲတွေ အနည်းငယ်တော့ရှိနေခဲ့ပြီး အထူးသဖြင့် ဇာတ်ပို့ဇာတ်ရံ စာရင်းဝင်သူဦးရေဟာ ရုပ်ရှင်လောကထဲမှာ အများဆုံးဖြစ်တာမို့ ဖိတ်ကြားရေးအပိုင်းမှာ အခက်အခဲတွေရှိနေခဲ့ပါတယ်။ အလားတူပင်ကျန်တဲ့ရုပ်ရှင်





အလှတွေမှာလည်း ခွဲတမ်းအရ ရရှိတဲ့ အကယ်ဒမီဖိတ်စာတွေကိုသာ ဖိတ်ကြားရတာမို့ ဖိတ်ကြားရမှု အခက်အခဲကတော့ ရုပ်ရှင်အလှ ၁၀ လွှာစလုံးမှာ အနည်းနဲ့အများ ရှိနေခဲ့ပါတယ်။ အကယ်ဒမီဖိတ်စာ ဖိတ်ကြားရေး ဇာတ်ပို့ဇာတ်ရံအလှာပိုင်းကို ပင်ကူပေးခဲ့တဲ့ အကယ်ဒမီ ဦးအောင် နိုင်ကတော့

"ပွင့်ပွင့်လင်းလင်းပြောတာပါ။ ဇာတ်ပို့ဇာတ်ရံအလှာ ဆိုတာက အလှာ ၁၀ လွှာထဲမှာ အဖွဲ့ဝင်အများဆုံးဖြစ်တယ်။ အဲဒီတော့ ဖိတ်ကြားရေးမှာ ရရှိမယ့် ခုံအရေအတွက်ကြောင့် ဖိတ်ကြားရတဲ့အခါ အခက်အခဲရှိလာတယ်။ တန်းခွဲတာ မဟုတ်ဘူးဆိုတာကို ကြိုတင်ပြီး စကားပလ္လင်ခံထားချင်တယ်။ အကယ်ဒမီ စာရင်းဝင် ၃၃ ကားစာရင်းထဲမှာ ပါဝင်ဖဲ့ ဇာတ်ပို့ ဇာတ်ရံတွေကတော့ ဦးစားပေးအဆင့်ထဲမှာ ပါဝင်တာပေါ့။ ဇာတ်ပို့ဇာတ်ရံတွေက အတော်လေးကို များပါတယ်။ ရမယ့်ခုံအရေအတွက်နဲ့ ဖိတ်ရမယ့် လူဦးရေနဲ့က အတော်ကြီးကို ကွာဟနေတာပေါ့။ အဲဒီတော့ ဦးအောင်နိုင်ကကိုယ့်အနုပညာသမားတွေ တစ်ယောက်မဟုတ် တစ်ယောက် နစ်နာမှာလည်း စိုးရိမ်ရတယ်။ အဲဒီတော့ အခုလောလောဆယ်မှာ တကယ်တမ်း လှုပ်ရှားနေတဲ့ ဇာတ်ပို့ ဇာတ်ရံတွေကို ဦးစားပေးပြီးရွေးလိုက်တယ်။ ပြီးတော့ ဇာတ်ကား၃၃ကားအကယ်ဒမီ စာရင်းမှာပါဝင်တဲ့သူတွေနဲ့ ပြန်တိုက်စစ်တယ်။ ကိုယ်ရွေးထားတဲ့သူတွေ ဇာတ်ကား၃၃ကားမှာပါနေရင် အဲဒီလူတွေကိုပြန်ပယ်ထုတ်တယ်။ ဦးအောင်နိုင်ကတော့ အပေါ်ကား၊ အောက်ကားဆိုပြီးမခွဲပါဘူး။ ဒါပေမဲ့ သူနေရာနဲ့သူတော့ရှိတာပေါ့" လို့ ပြောပြပါတယ်။ ထက်လူ



မွှေးပွင့်သခင် စန္ဒီမြင့်လွင် သဉ္ဇာစို စောမ်စောမ်ပန်



## ပြင်ဆင်ခြယ်သ ပန်တီးအလှ





ZECUF*
ချောင်းဆိုးပျောက်ဆေးရည် နှင့် ငုံဆေးပြား
Relieves cough. Soothes throat.
ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းအတွက် ဇီးကပ်(ဖ်)



သဘာဝဖော်စပ်ထားခြင်း... Alcohol လုံးဝမပါဝင်သည့်အတွက် အသက်အရွယ်မရွေး အန္တရာယ်ကင်းစွာသောက်သုံးနိုင်ပါသည်။
Distributed by : MEDI MYANMAR GROUP LTD.
Manufactured by : UNIQUE PHARMACEUTICAL LABORATORIES.



www.free4reader.com

# ထူးခြားတဲ့ ဖျော်ဖြေရေးတင်ဆက်မှုတွေနဲ့ ပြည်သူ့ရင်ပြင်က အကယ်ဒမီဆုပေးပွဲ




မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲလို့ပဲ စာသိပေသိနဲ့ခေါ်ခေါ်၊ လူအများခေါ်နေကြတဲ့ အကယ်ဒမီပေးပွဲလို့ပဲခေါ်ခေါ်၊ တစ်နိုင်ငံလုံး စိတ်ဝင်တစားစောင့်ကြည့်ရတဲ့ အနုပညာရှင်တို့ စုံညီစွာတက်ရောက်ကြတဲ့ အဆိုပါ ပွဲတော်ကြီးကတော့ မတ်လ ၁၈ရက်နေ့၊ ရန်ကုန်ပြည်သူ့ရင်ပြင်မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။

ဒီနှစ်အကယ်ဒမီပေးပွဲနဲ့ ပတ်သက်လို့ အဓိကပြောချင်တာက ဖျော်ဖြေရေးကဏ္ဍပါ။ ဒီနှစ်မှာ အကယ်ဒမီ မီရာမိုရ်ရဲ့ ဂီတကဗျာအဖွဲ့ရဲ့ဖျော်ဖြေမှုလည်းပါဝင်ပါတယ်။ သူက "ဂီတ ကဗျာ ORCHESTRA က လူအယောက် ၅၀နဲ့တီးတယ်။ နောက်ပြီးတော့ သီချင်းတွေကတော့ တီးလုံးတွေလည်းပါတာပေါ့နော်။ သီဆိုတဲ့ သီချင်းတွေကတော့ မြန်မာ့ ရုပ်ရှင်သမိုင်း မှာ အထင်ကရဖြစ်ခဲ့တဲ့သီချင်းတွေကို သီဆိုတယ်ပေါ့နော်။ နေပြည်တော်မှာတုန်းကတစ်ခါ ကျွန်တော်တို့ တီးဖူးတယ်။ အဲဒီတုန်းကတော့ မြန်မာမှုတူရိယာတွေကို အဓိကထားပြီးတော့ တီးတာပေါ့ နော်။ အခုဒီတစ်ခေါက်ရန်ကုန်၊ ပြည်သူ့ရင်ပြင်မှာ ဖျော်ဖြေရေးအနေနဲ့ တီးရမယ်ဆိုတော့ ဝမ်းသာတယ်" လို့ပြောပါတယ်။ နောက်ထပ် ထူးခြားတာက DJ သော်သော်ရဲ့ အခန်းကဏ္ဍပါ။ သူ့ရဲ့တင်ဆက်မှုနဲ့ ပတ်သက်လို့. . .

"အကယ်ဒမီပေးပွဲကို တစ်ပွဲလုံးအစကနေအဆုံးကို ကျွန်တော်ဖွင့်ရတာပေါ့နော်။ ကိုဂျွန်ကလည်း Myanmar Traditional လေးပြချင်တယ်ဆိုပြီး ပြောထားတယ်။ ဘုရားရှေ့မှာဆိုတော့ ခမ်းခမ်းနားနားလေးဖြစ်ချင်တယ်။ ဘုရားကိုလည်းပူဇော်ချင်တာပေါ့။ ဘုရားကိုပူဇော်တဲ့အခါမှာလည်း ကျွန်တော်တို့က ဗုဒ္ဓဘာသာဝင် ဖြစ်နေတဲ့ အခါကျတော့ ရှို့ယွင်းချက်တွေ၊ အမှားတွေမဖြစ်အောင်လို့ သေသေချာချာ၊ သပ်သပ်ရပ်ရပ်လေးဖြစ်အောင်လို့ ဖန်တီးထားပါတယ်" လို့ DJ သော်သော်က ပြောပြခဲ့ပါတယ်။

မျိုးဓောင်









နိုင်သဇင်ငှဝါ | ဖြူးသီရိခေတ် | နန်းဆုရတီစိုး | မိုးဟေမာန်ခင် | ချစ်စုဦး | စိုးပြည့်သဇင်

DECO
# DECO-LAND GROUP
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08

www.free4reader.com

စာ-B မှ

ပြည့်စုံနိုင်ကြပါစေလို့ ကျွန်တော် ပဏာမဂါရဝပြုရင်းနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ဒါက ကျွန်တော် ဒုတိယအကြိမ်ရရှိတဲ့ ဆုဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ လက်ဦးဆရာ၊ ကျွန်တော့်ကို အသံပညာရှင် Audio ဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့တဲ့ ကိုရဲအောင်ကို ဒီစင်မြင့်ပေါ်ကနေ ဒုတိယအကြိမ် ဂါရဝတရားရှေ့ထားပြီး ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ မျှော်ကျောက် စာ မရိုက်ကူးခင်ကတည်းက ကျေးဇူးတင်ထိုက်တဲ့ မီဒီယာ 7 က ညီငယ်လေး ဝေမင်း မောင်၊ ညီငယ် ယွန်းလွင်စိုး။ သူတို့က ကျွန်တော့်ကို မေသချာပြောပါတယ်။ အစ်ကို စိတ်ကြိုက်လုပ်ပါ။ နောက်ပြီး ဇာတ်ကားကြီး တစ်ခုလုံးကို ဦးဆောင်သွားတဲ့ ဒါရိုက်တာ ဝင်းထွန်းထွန်း၊ နောက် ပါဝင်သရုပ်ဆောင်တဲ့ သရုပ်ဆောင်တွေ၊ အဓိကဇာတ်ညွှန်း ကိုမြင့်ဦးနဲ့ ကျွန်တော်နဲ့ အတူတူလို ကေးရှင်းတွေမှာ အမြဲတမ်း ကျွန်တော်တို့ အသံအဖွဲ့ကို ကူညီပေးတဲ့ ရှုတင်မန်နေဂျာတွေ၊ ကျွန်တော်ရဲ့ စက်မှုပညာရှင်များအားလုံးကိုလည်း ဒီစင်မြင့်ပေါ်ကနေ ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ဒီလိုမျိုးဆုရတာ ကျွန်တော် မွင့်မွင့်လင်းလင်း ပြောရရင် ကျွန်တော် တစ်ယောက်တည်းတော်လို့ မဟုတ်ပါဘူး။ ဒါ ပါဝင်သရုပ်ဆောင်တဲ့ သရုပ်ဆောင်တွေ၊ ဒါရိုက်တာတွေ၊ စက်မှုပညာရှင်တွေအားလုံး ကောင်းလို့လို့ ကျွန်တော် ခံယူပါတယ်။ ဒီလိုပဲ ကျွန်တော့်နောက်ကွယ်က ကျွန်တော့် အင်ဂျင်နီယာ Team ရှိပါတယ်။ ဒီနေရာကနေ ကျေးဇူးတင်ကြောင်း မပြောကြားလိုပါတယ်။ ပြီးတော့ ထူးထူးခြားခြား ကျေးဇူးတင် စကားပြောချင်တဲ့ အဖွဲ့တစ်ဖွဲ့ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ မနှစ်က ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့နဲ့ ထိုင်းက ရုပ်ရှင် အဖွဲ့တစ်ဖွဲ့နဲ့ ပေါင်းပြီး နှစ်နိုင်ငံချစ်ကြည်ရေး "Bangkok To Mandalay" ဆိုတဲ့ ဇာတ်ကားတစ်ကားဖြင့် ရိုက်ကူးရဲ့ တင်ပြသပြီးဖြစ်ပါတယ်။ အဲဒီကားမှာ ကျွန်တော်တို့ မြန်မာ သရုပ်ဆောင် နေတိုး၊ စိုင်းစိုင်းခမ်း လှိုင်နဲ့ ဝတ်မှုံရွှေရည် ပါသလို ထိုင်းဘက်ကယိုင်း သရုပ်ဆောင်မလေးလည်း ပါဝင်ပါတယ်။ အခု ဒီကနေ အခမ်းအနားကို ကျွန်တော် တို့ရဲ့ မြန်မာ့ရုပ်ရှင်လောကသား တွေကို ချစ်လို့ဆိုပြီးတော့ အဲ ဒီဇာတ်ကားကြီးကို ရိုက်ကူးခဲ့တဲ့ ဒါ ရိုက်တာနဲ့ သရုပ်ဆောင် မင်းသမီး လေးနဲ့အတူ ဒီဇာတ်ကားကို ပရိုဂျူဆာ တာဝန်ယူကားတဲ့သူ။ ဒီမိတ် ဆွေ ၃ ဦးတို့က ဒီအခမ်းအနားကို တက်ရောက်ပေးလို့ ကျွန်တော်တို့ရဲ့ ရုပ်ရှင်လောကသားတွေ ကိုယ်စား ဒီနေရာကနေ ကျေးဇူးတင်စကား ပြောကြားလိုပါတယ်။ ကျွန်တော့် အနေနဲ့ အသံပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ယုံကြည်ပြီးတော့ တာ ဝန်ပေးကြတဲ့ လေးစားချစ်ခင်ရတဲ့ ပရိုဂျူဆာတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ စက်မှုပညာရှင်တွေကို ဘယ်သူမှမသိပါဘူး။ လိုကေးရှင်းကိုင်၊ ရှုတင်တိုင် မှာ ကျွန်တော့် အသံအဖွဲ့ကို ကူညီပေးတဲ့ ရှုတင်မန် နေဂျာအဖွဲ့တွေ၊ စက်မှုပညာရှင်အဖွဲ့၊ လိုက်တင်အဖွဲ့၊ ဆက်တင်အဖွဲ့နဲ့၊ ကင်မရာအဖွဲ့နဲ့ ရှုတင်မှာ ဝိုင်းကူကြတဲ့ ကလေးတွေကိုလည်း ကျေးဇူး တင်ပါတယ်။ နောက်ပြီး မြန်မာတစ် ပြည်လုံးက မြန်မာ့ရုပ်ရှင် ချစ်ပရိသတ်တွေ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ ကျွန်တော့် အနေနဲ့ မြန်မာရုပ်ရှင်အသံပိုင်းနဲ့ ပတ်သက်ပြီးတော့ ကိုယ်တတ်စွမ်း သလောက် ဆက်လက်လုပ်ကိုင်သွား ပါမယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်"

*ကြည်မင်းသိန်း*
*(အသံဆု-မျှော်ကျောက်စာ)*









## ‘အုတ်ကြားမြက်ပေါက်’ ဆိုတဲ့အမည်ကို လူလူချင်းနှိမ့်ချတဲ့နေရာမှာသုံးတဲ့ အသုံးအနှုန်းလို့မမြင်စေချင်ပါဘူး..

"ဒီဇာတ်ကားနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပထမဆုံး ကျေးဇူးတင်ချင်တာက ကျွန်တော်ရဲ့ ဇာတ်ကိုပထမဦးဆုံး ဖန်တီးပေးတဲ့ ဆဲဝင်းဒေးတို့ သားအဖ နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်။ နောက်ပြီး ဇာတ်ကိုအကောင်းဆုံး ဖန်တီးပေးတဲ့ ဒါရိုက်တာညွှန့်မြန်မာညီညီအောင်၊ ကျွန်တော့် ညီနေမင်း၊ ပါဝင်သရုပ်ဆောင်ကြတဲ့ နေတိုး၊ ယွန်းထွန်းနဲ့ အပါအဝင် သရုပ်ဆောင် ကြတဲ့သူအားလုံး၊ ပြီးတော့ ဒီဇာတ်ကား ဖန်တီးနေတဲ့အချိန်မှာ ရုံပတင်ဖို့ ကြန့်ကြာတဲ့ကိစ္စတွေကို စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းပေးတဲ့ ကျွန်တော့်ဇနီးမသီတာကို ကျေးဇူးတင်ပါတယ်။ အားလုံးကျွန်တော်တို့ပြောရမယ်ဆိုရင်လည်း အများကြီးပါ။



ကျွန်တော်တို့ တစ်ခုပြောချင်တာက ‘အုတ်ကြား မြက်ပေါက်’ ဆိုတဲ့ အမည်ကို လူလူ ချင်းနှိမ့် ချတဲ့ နေရာမှာသုံးတဲ့ အသုံးအနှုန်းလို့ မမြင်စေချင်ပါဘူး။ ‘အုတ်ကြားမြက်ပေါက်’ ဆိုတာ အခက်အခဲ တွေကြားထဲကနေ အကောင်းဆုံး တိုး ထွက်ပြီး ရှင်သန်ပေါက်ရောက်တဲ့ မြက်ပင်လေးတွေဆိုတဲ့အမြင်ကို မြင်စေချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

*ကိုကျော်လင်းထွန်း*
*ရွှေစင်ဦး ထုတ်လုပ်ရေး*
*(ဇာတ်ကားဆု -*

*ဓာတ်ပုံ-*
*အေးဇော်မိုး(စက်မှု)၊ဝဏ္ဏခွန်နီး၊*
*ကိုနိုင်(ပေါ်ပြူလာ)၊ Aroma၊*
*ကိုမျိုး(IT)၊ အောင်ဇော်မင်း၊*
*အောင်နိုင်စိုး(ကဗ္ဗပ)၊*
*မင်းမင်းထွန်း၊*
*တင်ဝင်း(ဒဂုံတက္ကသိုလ်)၊*
*ခွန်လတ်၊ ကျော်ကျော်ထွန်း၊*
*ကောင်းစွမ်းသာ*

www.free4reader.com

# ထူးခြားဖြစ်စဉ် မြင်ကွင်းအလှ

## ရွှေရောင် အကယ်ဒမီည

လင်းအကွာရာ







မြန်မာ့ရုပ် ရှင် လောကသားတွေရဲ့ ရင်ခုန်စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်တဲ့ ၂၀၁၆ခုနှစ် အကယ်ဒမီ ထူးချွန်ဆု ချီးမြှင့်ပွဲကတော့ ကြီးကျယ်ခမ်းနား စွာပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၆ခုနှစ် အကယ်ဒမီ ထူးချွန်ဆုပေးအပ်ပွဲကြီးကထူးခြားမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ပထမဆုံး ထူးခြားမှု ကိုပြောရမယ် ဆိုရင်တော့ အကယ်ဒမီပွဲကြီးကို ပြည်သူ့ရင်ပြင်မှာ ကျင်းပပြုလုပ်ခွင့် ရရှိခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒီလိုကျင်းပခွင့်ရခဲ့တာကြောင့် အစိုးရသစ်အနေနဲ့ မြန်မာ့ရုပ်ရှင်လောကကို အားပေးထောက်ပံ့မှု ပြုလုပ်ခဲ့တဲ့ သရုပ်ကိုပေါ်လွင်လို့ လာစေခဲ့ပါတယ်။ ဒါ့အပြင်ဒီနှစ်မှာတော့ ၂၀၁၆ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ ဇာတ်ကားပေါင်း ၃၃ကားရှိခဲ့ပြီး အကယ်ဒမီ ဆန်ခါတင်စာရင်းကိုပေါ့ အကယ်ဒမီ အကဲဖြတ်အဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ပရိသတ်တွေအနေနဲ့ ဆုရရှိမယ့် အနုပညာ ရှင်ကို ကြိုတင်ခန့်မှန်းရခက်ခဲပြီး အကယ်ဒမီရင်ခုန်မှု ပိုလို့မြန်စေခဲ့ သလိုစိတ်ဝင်စားမှုအရှိန်လည်း မြင့်စေခဲ့ပါတယ်။ ဒီ့ထက်ပိုလို့ မြန် စေခဲ့တာကတော့ ဒီနှစ်အကယ်ဒမီ ဖက်ရှင်ပါပဲ။ ပြည်သူ့ရင်ပြင် အကယ် ဒမီပေးပွဲကြီးကျင်းပရာဝန်းကြီး ထဲမှာတော့ ရွှေရောင်ဝတ်စုံတွေ တလက်လက်တောက်ပနေခဲ့ပြီး ယခင်နှစ်များနဲ့ မတူ တစ်မူထူးခြား ဆန်းသစ်လို့နေခဲ့ပါတယ်။ ဒီလို ထူးခြားမှုတွေနဲ့အတူ အကယ်ဒမီ စင်မြင့်မြင်ကွင်းဟာလည်း ထူးခြား လို့နေပါတယ်။ ထူးခြားမှုတွေနဲ့အတူပဲ ပြည်ပသရုပ်ဆောင်တွေရဲ့ ဖက်ရှင်ဒီဇိုင်းတွေကိုလည်း ပရိသတ်တွေမြင်တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။ ဗီယက်နမ်မင်းသမီး ငုယင်ထရန်ဟုရန်မေနဲ့ ထိုင်းမင်းသမီး Nann Wahn တို့ကလည်း လှပဆန်းသစ်တဲ့ ဖက်ရှင်ဒီဇိုင်းတွေနဲ့ နုပျိုသစ်လွင်လို့ နေပါတယ်။ ဒါတွေအပြင် ဒီနှစ်ရဲ့ စတိတ်စင်မြင့်ဒီဇိုင်းကိုတော့ ဂျွန်လွင်(Star Event production) မှ တာဝန်ယူစီစဉ်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ အကယ်ဒမီ အခမ်းအနားပုံစံအဖြစ် ပြင်ဆင်ပြုလုပ်သွားမယ်လို့ ပွဲမတိုင်ခင်က ပြောကြားခဲ့တဲ့အတိုင်းပဲ စင်မြင့်ဒီဇိုင်းက အထူးဆန်းသစ်လို့နေခဲ့ပါတယ်။ ဒါ့အပြင် ပိုလို့လှပခမ်းနားစေခဲ့တာကတော့ အကယ်ဒမီဝန်းအတွင်းသို့ ဝင်ရောက်ရာ Red Carvent လျှောက်လမ်း အနောက်ဘက်မှာ ရွှေစင်ရုပ်တု အရုပ်၁၀၀ကို တွေ့မြင်ရတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကလည်း ၂၀၂၀ခုနှစ်မှာ ရောက်ရှိလာတော့မယ် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ကို ကြိုဆိုဂုဏ်ပြုသော တဲ့အနေနဲ့ရွှေစင်ရုပ်တု၁၀၀ကို ပြသထားတာပဲ ဖြစ်ပါတယ်။ ဒီလိုထူးခြားလှပတဲ့ အပြင်အဆင် တွေနဲ့အတူ ဒီနှစ်ရဲ့အစီအစဉ် တင်ဆက်သူကိုလည်း ဟိုးယခင် အကယ်ဒမီပေးပွဲတွေမှာ အစီအစဉ် တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့တဲ့ ကိုကျော်သက်လင်းနဲ့ မမြမြဝင်းတို့ ကလည်း ပြန်လည်ပါဝင်တင်ဆက် ပေးခဲ့ခြင်းကလည်း ရသတစ်မျိုး ပြန်လည်ဖြစ်ပေါ်စေခဲ့ပါတယ်။ ယခုနှစ်မှာတော့ အမျိုးသမီး ဇာတ်ပို့ဆုကို ရွေးယခင်ကာလက အထူးဆုအနေနဲ့ ကလေးသရုပ်ဆောင်များကိုသာပေးအပ်ခဲ့ရာမှ ဒီနှစ်မှာတော့ မနောမြေမှာ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်ကားကို အထူးဆု အနေနဲ့ ပေးအပ်ခဲ့ခြင်းကလည်း ထူးခြားမှုတစ်ခုဖြစ်စေခဲ့ပါတယ်။ ဒါတွေအားလုံးဟာ ၂၀၁၆ခုနှစ် အကယ်ဒမီ ထူးချွန်ဆု ချီးမြှင့်ပွဲရဲ့ ထူးခြားသော ဖြစ်စဉ် အကြောင်းအရာတွေပဲ ဖြစ်သလို အကယ်ဒမီညချမ်းဟာ ရွှေရောင် တလက်လက်နဲ့ လှပအေးချမ်းလို့နေပါတော့တယ်။

*လင်းအကွာရာ*









www.free4reader.com



နေတိုး

ရဲလေး

# ထွန်းထွန်း ရဲ့ ရင်ခုန်ခံစား အကယ်ဒမီစကား

၂၀၁၆ခုနှစ်၊ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲမှာ 'မိုးဆိုးလုနိုက်' ဇာတ်ကားနဲ့ အမျိုးသားဇာတ်ပို့ဆု ရရှိမယ်လို့ ရုပ်ရှင်ပရိသတ်များကနေ အကယ်ဒမီတစ်ကြိ ခန့်မှန်းပေးထားတဲ့အပေါ်မှာရော ပထမဦးဆုံးအကယ်ဒမီဆုရရှိမယ်ဆိုတဲ့အပေါ် ဘယ်လို ရင်ခုန်စိတ်လှုပ်ရှားမှု ဖြစ်မိသလဲဆိုတာကိုရော သရုပ်ဆောင်ထွန်းထွန်းကို မေးကြည့်တော့

"အရင်နှစ်တွေတုန်းကတော့ အကယ်ဒမီပွဲတက်ပြီဆိုရင် ကိုယ့်အနုပညာညီအစ်ကိုမောင်နှမတွေကိုပဲ လက်ခုပ်တီးပြီး အားပေးရတာပေါ့။ အခုကတော့ ကိုယ့်အတွက်ကိုပါ ရင်ခုန်ရတာပေါ့။ ကျွန်တော့်ရဲ့မိဘ၊ အားပေးတဲ့ ပရိသတ်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ဆရာသမားတွေ၊ သူငယ်ချင်းတွေ အားလုံးကိုကျေးဇူးတင်ပါတယ်။ ဆုရခဲ့ရင်တော့ အဲဒီအချိန်မှာ အပျော်ဆုံးလူသား ကျွန်တော် ဖြစ်မှာပါ။ ကျွန်တော့်ရဲ့ပထမဦးဆုံးဆိုတော့လေ။ လောလောဆယ်တော့ ဘာမှမစီစဉ်ရသေးပါဘူး။ ဒါအမှန်အတိုင်းဝန်ခံတာပါ။ ဒီကြားထဲမှာ ဇာတ်ကားရိုက်တွေကလည်း ရှိနေတော့လေ။ ရခဲ့ရင်တော့ ပရိသတ်တွေနဲ့အတူ အလှူတစ်ခုခုလုပ်ဖြစ်ဖို့လည်း စဉ်းစားထားပါတယ်။ ကျွန်တော် ဒီနှစ်အပိုင်းအခြားတွေမှာ နောက်ထပ်လည်း ဇာတ်ကားတွေ အများကြီးရိုက်ကူးသွားမှာပါ"လို့ ရင်ခုန် စိတ်လှုပ်ရှားစွာနဲ့ အကယ်ဒမီ ရင်ခုန်သံစကား ပြောပြခဲ့ပါတယ်။





# အကယ်ဒမီ ဝတ်မှုံရွှေရည် ရဲ့ ရင်ခုန်ခံစား အကယ်ဒမီစကား



၂၀၁၆ခုနှစ်၊ အကယ်ဒမီပေးပွဲမှာ 'ချစ်လှစွာသောအမုန်း'ဇာတ်ကားနဲ့ အကယ်ဒမီဆုကို ရရှိမယ်လို့ ပရိသတ်များက အကြိုခန့်မှန်းပေးထားတဲ့ အကယ်ဒမီ ဝတ်မှုံရွှေရည်က သူမရဲ့ အခုနှစ်အတွက် အကယ်ဒမီရင်ခုန်သံကို အခုလိုပဲ ပြောကြားခဲ့ပါတယ်။

"ကစ်ရဲ့ပရိသတ်တွေက ရစေချင်မှာပေါ့။ သူတို့လည်းကစ်အတွက်ကို မျှော်လင့်ပေးနေကြမှာပေါ့။ ဒါပေမဲ့လည်း ရတာ၊ မရတာ ကံပေါ့နော်။ ကိုယ့်ဘက်ကတော့ အကောင်းဆုံးကြိုးစားပြီးပြီပဲ။ မရလည်း ကစ်က ပျော်မှာပဲ။ ရလည်းပျော်မှာပဲ။ ကစ် မရလည်း တခြားသူတွေအတွက် ကစ်ဝမ်းသာမှာပါ။ အခုအချိန်မှာ ဘာလုပ်မလဲဆိုတာ ဘာမှ တော့ကြိုမစဉ်းစားထားပါဘူး" လို့ ဝတ်မှုံရွှေရည်က ဆိုပါတယ်။





နိုင်နှင်းဝေ

ဆုပန်ထွာ

ခွန်းဆင့်နေခြည်

www.free4reader.com



ပြေတီဦးတို့ မိသားစု

ထက်ထက်မိုးဦးတို့ မိသားစု

မယ်လိုဒီတို့ မိသားစု



သင်ဇာဝင့်ကျော်

ငွေယင်ထရန်ဟုရန်မေ

ခင်ဝင့်ဝါ

မေသန်းနု

မိုမိုမြင့်အောင်

www.free4reader.com





## အကယ်ဒမီ ဂုဏ်ပြု ညစာစားပွဲကို မတ်လ ၁၉ ရက်နေ့ ပြုလုပ်မည်

၂၀၁၆ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိခဲ့တဲ့ အနုပညာရှင်၊ အတတ်ပညာရှင်များကို လာမယ့် မတ်လ ၁၉ရက်နေ့ ညပိုင်းမှာ ဂုဏ်ပြုညစာစားပွဲ အစီအစဉ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဦးစီးကျင်းပပေးသွားမှာ ဖြစ်ပါတယ်။ ကျင်းပသွားမယ့်နေရာကိုတော့ Melia ရန်ကုန်ဟိုတယ်မှာ ညနေ ၆နာရီခွဲကနေ စတင်ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲကိုတော့ iflix ကနေပြီးတော့ အဓိက ကူညီပံ့ပိုးပေးထားတယ်လို့ သိရပါတယ်။








### ကျွန်တော့်အနုပညာအပေါ် ကျွန်တော် လိပ်ပြာသန့်စွာ ရင်းနှီးပေးဆပ်ခဲ့တဲ့အတွက် ကျွန်တော် ဒီဆုလေးအတွက် လိပ်ပြာသန့်ပါတယ် ....

အမှန်အတိုင်းပြောရရင် ကျွန်တော်ဒီဆုကိုတကယ်ကို လိုချင်တာပါ။ နှစ်တိုင်းနှစ်တိုင်းလည်း နာမည်ကြီးသလောက် လွဲခဲ့တာတွေများလို့ ဒီနှစ်လည်း လွဲမယ်လို့ပဲ သက်တောင့်သက်သာလေးပဲ တွေးထားပါတယ်။ အနုပညာလုပ်သက်နှစ်အစိတ်ရှိပါပြီ။ အကယ်ဒမီမရတာလည်း ၁၂ နှစ်တိတိရှိပါပြီ။ကျွန်တော် အစည်းအရုံးဥက္ကဋ္ဌတာဝန်ကို ယူနေစဉ်ကတည်းက ရလည်းရချင်တယ်၊ တစ်ဖက်ကလည်း နိုးနိုးသားသားပြောရရင်မရချင်ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော့်အနုပညာအပေါ် ကျွန်တော်လိပ်ပြာသန့်စွာ ရင်းနှီးပေးဆပ်ခဲ့တဲ့အတွက် ကျွန်တော် ဒီဆုလေးအတွက် လိပ်ပြာသန့်ပါတယ်။ ဇာတ်ပို့ဆုဖြစ်တဲ့အတွက်လည်း ကျွန်တော်ပိုပြီး တန်ဖိုးထားပါတယ်။ ကျွန်တော်ဟာ လွန်ခဲ့တဲ့နှစ်အစိတ်က တစ်ခန်း၊ နှစ်ခန်းစပါဝင်ရင်း ဇာတ်ပို့ဘဝကနေ ဇာတ်ဆောင်ဘဝကို တက်လှမ်းခဲ့တာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ပထမခြေလှမ်းတွေကို အမှတ်ရစေမယ့် ဇာတ်ပို့ဆုကိုရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဆရာကြီးမင်းသိခ်ရဲ့ ဝတ္ထုကို ပထမဆုံးအကြိမ်ရိုက်ကူးခြင်းဖြစ်ပြီး မရှိတော့တဲ့ ဆရာကြီးကိုလည်း လေးစားဂါရဝပြုပါတယ်။ ကျွန်တော့်ရဲ့ ရုပ်ရှင်ဘဝမှာ ဟိုးအစကတည်းကသွန်သင် ဆုံးမသင်ကြားပေးခဲ့တဲ့ ကျွန်တော့်ရဲ့ဆရာရင်း ဦးအောင်မြင့်မြတ်ကိုလည်း ဒီနေရာကနေ လက်အုပ်ချီမိုးကန်တော့ပါတယ်။

လူမင်း

(အမျိုးသားဇာတ်ပို့ဆု-ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ)

www.free4reader.com



ထွန်းအိန္ဒြာဗိုတို့ ဇနီးမောင်နှံ



လွင်မိုးတို့ ဇနီးမောင်နှံ



လူမင်းတို့ ဇနီးမောင်နှံ



မိုးယုစံတို့ ဇနီးမောင်နှံ



ဇင်ဇင်ဇော်မြင့်တို့ ဇနီးမောင်နှံ



မင်းဦးတို့ ဇနီးမောင်နှံ

www.free4reader.com




i-MAX လူကြီးဝတ်၊ ကလေးဝတ် အကျီ၊ ဘောင်းဘီမျိုးစုံ၊ အနွေးထည်၊ မိုးကာ၊ ဦးထုပ်နှင့် ကျောပိုးအိတ်၊ ဘေးလွယ်အိတ်များကို အမြို့မြို့အနယ်နယ်ရှိ Super Market နှင့် စေဦး ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။




www.free4reader.com



နိုင်းနိုင်းခမ်းလှိုင်
ဂိုရင်အောင်
ရန်အောင်
ဉာဏ်လွင်
နေမင်း
မိုးချစ်



အေးမြတ်သူ
ရွှေမှုံရတီ
ဝရတီမိုးမြင့်
မိုးဟေကို
ပိုင်ဖြိုးသု
မွေးမွေး

www.free4reader.com




# အကယ်ဒမီ သက်မွန်မြင့် ရဲ့ ရင်ခုန်ခံစား အကယ်ဒမီစကား



၂၀၁၆ခုနှစ်၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် 'ချစ်လှစွာသောအ မုန်း' ဇာတ်ကားနဲ့ အမျိုးသမီးဇာတ်ဆောင်ဆု ရရှိမယ်လို့ ပရိသတ်များက တစ်ကြိမ်အကယ်ဒမီ ခန့်မှန်းထားကြတဲ့အပေါ် မှာ အကယ်ဒမီ သက်မွန်မြင့်ကို မေးကြည့်တော့ "ပရိသတ်တွေကို ကျေးဇူးတအားတင်ပါတယ်။ ဆုရတယ်၊ မရဘူးဆိုတာထက် ကိုယ့်ဇာတ်ကားလေးကို သဘောကျတယ်ဆိုတော့ ကျေနပ်ပါတယ်။ ကြိုးစားရကျိုးနပ်ပါတယ်။ ကိုယ်ကြိုးစားခဲ့တဲ့ ဇာတ်ကောင်လေး ပရိသတ်ရင်ထဲ ရောက်တယ်ဆိုတော့ ဝမ်းသာရပါတယ်။ ဒီဇာတ်ကားအပေါ် မှာလည်း ကျေနပ်ပါတယ်။ ဒီနေရာမှာ သရုပ်ဆောင်ဖို့ကမ်းလှမ်းတဲ့အတွက် ခရေဖြူထုတ်လုပ်ရေးနဲ့ ကိုဝိုင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေလည်း ကြိုက်တယ်။ ကိုယ်ကိုယ်တိုင်လည်း အားရတယ်။ အဲဒီအပေါ် မှာမှ ဆုရရှိခဲ့မယ်ဆိုရင်တော့ အားလုံးထပ်တူကျတဲ့အတွက် ပိုပြီးဝမ်းသာရမှာပါ။ ဒီနှစ်ဆို အော်စကာတောင်ကြေညာပြီးမှ မှားတာမျိုးတွေရှိတော့ ဘာမှ ကံသေကံမ ပြောလို့မရပါဘူး။ ဒီအကယ်ဒမီပြီးရင်တော့ သမီးလေးရက်တစ်ရာပြည့်အတွက် အလှူလေးလုပ်ဖို့လည်း ရှိပါတယ်"လို့ ပြောပါတယ်။

သရုပ်ဆောင်သက်မွန်မြင့်က ၂၀၁၀ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲမှာ 'အာဒံရယ် ဧဝရယ် ဒဿရယ်'ဇာတ်ကားနဲ့ အမျိုးသမီးဇာတ်ဆောင်ဆု ရရှိခဲ့ပါတယ်။





မြင့်မြတ်

မင်းသွေး

www.free4reader.com



ပိုင်ဇေရဲထွန်းတို့ဇနီးမောင်နှံ

အကယ်ဒမီမင်းမော်ကွန်းတို့ဇနီးမောင်နှံ

ရတနာခင်တို့ဇနီးမောင်နှံ

ကျော်ကျော်ဗိုတို့ဇနီးမောင်နှံ



ယုသန္တာတင်

ဆုမြတ်နိုးဦး

ခင်လေးနွယ်

ဖွန်သဲဇင်

အိချောပို

စံထိပ်ထားဦး

www.free4reader.com



စိုးရန်အောင် | ကျော်ကျော်ဗိုလ်မှူး | ဒိန်းဒေါင် | ဘုန်းရှိန်ထက် | ချောရတနာ | တက္ကသိုလ်ဂွမ်းပုံ






# အကယ်ဒမီရွှေစင်ရုပ်တုရဲ့အဓိပ္ပာယ်



အကယ်ဒမီ ရွှေကိန္နရီ ရွှေစင် ရုပ်တုကို တော့ ၁၉၅၂ ခုနှစ်ကတည်းက ပီအေဘထွန်းရင် နဲ့သားများတံဆိပ်လုပ်ငန်းကနေပြီး သွန်းလုပ်ပေး ခဲ့တာ ဖြစ်ပါတယ်။ ၁၉၅၂ ခုနှစ်တုန်းက စတင် ပေးအပ်ခဲ့တဲ့ အကယ်ဒမီဟာ စတင်ပေးအပ် စဉ်တုန်းက ယခုလို အကယ်ဒမီ ရွှေကိန္နရီရုပ် ချည်း မဟုတ်သေးဘဲ စတင်ဂုဏ်ပြုပေးခဲ့တဲ့ အကယ်ဒမီ ရုပ်တုများမှာ ပထမဆုံးအကောင်း ဆုံး ဇာတ်ကားဆုကို ရွှေကိန္နရီဆု၊ ဒုတိယအ ကောင်းဆုံး ဇာတ်ကားဆုကို ငွေဒေါင်းရုပ်၊ တတိယအကောင်းဆုံး ဇာတ်ကားဆုကို ကြေး ခြင်္သေ့ရုပ်၊ အကောင်းဆုံးအမျိုး သားပညာ သည်ဆုကို ရွှေရင်ထိုး၊ အကောင်းဆုံး အမျိုး သမီးပညာသည်ဆုကို ရွှေရင်ထိုး ပေးအပ်ချီး မြှင့်ခဲ့တာ ဖြစ်ပါတယ်။

၁၉၅၇ခုနှစ်မှာတော့ ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုးတံဆိပ်ကနေ တစ်ပြေးညီဖြစ်အောင် ရွှေကိန္နရီ ရွှေစင်ရုပ်သို့ စတင်ပြောင်းလဲ ချီးမြှင့် ခဲ့တာဖြစ်ပါတယ်။ အဲဒီတုန်းက ရွှေကိန္နရီ ရွှေစင်ရုပ်တုမှာ ငွေကြယ်ကိုသာ တပ်ဆင်ထား ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်နောက်မှ အကယ်ဒမီငွေကြယ်အစား အကယ်ဒမီ ရွှေ ကြယ်ကို ရွှေသားအစစ်အဖြစ် ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ တုန်းကတော့ ရွှေကြယ်ဟာ အပိတ်ပုံစံဖြစ်ပြီး အခုနောက်ပိုင်းကာလမှာ တော့ ရွှေကြယ်အဖွင့် ဖြစ်လာ တာဖြစ်ပါ တယ်။

အကယ်ဒမီဆုရဲ့ တင်စားချက် အဓိပ္ပါယ်က အောက်ခြေမှာ မြင်တွေ့ရတဲ့ ရုပ်ရှင်ဖလင်ကား ခွေဟာ မြန်မာ့ရုပ်ရှင်လောကကို ကိုယ်စား ပြုတယ်။ ရွှေကိန္နရီကတော့ မြန်မာ့ရုပ်ရှင် အနုပညာရှင်တွေကို ကိုယ်စားပြုတာ ဖြစ်ပါ တယ်။ ရွှေစင်ကြယ်ကတော့ မြင့်မားထူးချွန်မှုကို ကိုယ်စားပြုနေတာ ဖြစ်ပါတယ်။ အကယ်ဒမီ ရွှေကိန္နရီ ရွှေစင်ရုပ်တု ဆိုတာက အဓိပ္ပာယ်တွေ အများကြီးနဲ့ ပြည့်စုံနေတဲ့ ရုပ်ရှင်လောကသား တို့ တန်ဖိုးထားရာ ရွှေစင်ရုပ်တုဖြစ်ပါတယ်။

အကယ်ဒမီဆုရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ "ကြိုးပမ်း ထူးချွန်၊ မိုးစွန် တမွတ်၊ကြယ်ကိုဆွတ်ကာ၊ မလွတ် စတမ်း၊ ရမြဲလမ်းတည်" ဟူ၍ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ပညာရှင်များ မိမိတို့အနုပညာ စွမ်းအားဖြင့် ကြိုးစားပါက အမြင့်မားဆုံး ရုပ်ရှင်ထူးချွန်ဆုကို ရရှိနိုင် သည်ဟု ဖော်ညွှန်းထားတာ ဖြစ်ပါတယ်။

အကယ်ဒမီရွှေစင်ရုပ်တုကို အခေါက် ရွှေအစစ်နဲ့ ရွှေရောင်ပြန်မှုတ်ပေးထားတာ ဖြစ်ပါတယ်။ ရွှေကြယ်ကိုတော့ ရွှေအစစ်ဖြင့် ပြုလုပ်တာဖြစ်ပြီး ရွှေ၁၆ပဲရည်၊ အခေါက် ရွှေ နှစ်ကျပ်သား တိတိရှိပါတယ်။ အကယ် ဒမီ ရုပ်တုရဲ့ အမြင့်ပေမှာ ၁၃လက်မရှိပြီး အလေးချိန် အားဖြင့် ရွှေကိန္နရီမှာ တစ် ပိဿာ၊ အောက်ခံကျွန်းဖရိန်(ဖလင်ခွံပုံစံ)က ပိဿာဝက်ခန့်ရှိပါတယ်။

"အကယ်ဒမီရွှေစင်ရုပ်တုရဲ့ လက်ရာက တအားအနုစိပ်တယ်ဗျ။ ဦးခေါင်းနဲ့ ခန္ဓာကိုယ်၊ ပြီးတော့ အထူးသဖြင့်ဆိုရင် အတောင်ပံလုပ် တဲ့နေရာမှာ တအားအသက်ဝင်တယ်။ အော် စကာဆု လက်ရာနဲ့လည်း တစ်ခြားစီပဲလေ။ အနောက်တိုင်းက အနုစိပ်လက်ရာနဲ့ ပတ် သက်လာရင် ကျွန်တော်တို့ အရှေ့တိုင်း လက်ရာတွေကို ဘယ်လိုမှ ယှဉ်လို့ မရဘူး။ ကျွန်တော်တို့ အရှေ့တိုင်းက ပို အနု စိပ်တယ်။ ကျွန်တော်တို့ မိသားစု အနေနဲ့ကတော့ အနုပညာရှင် တွေရဲ့ ဂုဏ်ယူ၊ တန်ဖိုးထားစရာ ဆုကိုပြုလုပ် ခွင့်ရခဲ့ကြတဲ့အတွက် အင်မတန်ကိုမှ ပီတိဖြစ်ရပါတယ်။ ဒီနှစ်(၂၀၁၆ခုနှစ် အကယ်ဒမီအတွက်) မှာတော့ ကျွန်တော် တို့ဆီကို စုစုပေါင်း အကယ်ဒမီရုပ် ၅ ရုပ်သွန်း လုပ်ပေးဖို့ အပ်ခဲ့တာဖြစ်ပါတယ်" လို့ ပီအေဘ ထွန်း ရင်ရဲ့ သားဖြစ်သူ ဦးကျော်ကျော်အုန်းက ပြောပြပေးခဲ့ပါတယ်။

ထက်လူ

www.free4reader.com



ဘကယ်ဒေါ်မျိုးသန္တာထွန်းတို့ဇနီးမောင်နှံ

မြန်မာပြည်သိန်းတန်တို့ဇနီးမောင်နှံ

တင်ကဝင်းမြည့်နှင့်သမီး



ဆောင်းဝတ်ရည်မေ

ချူးချူးကော

သင်ဇာမြင့်မိုရ်

မိုးကြာဖြူ

ဆုထက်ကုဒေ

ကေကေမိုးမြင့်

www.free4reader.com










www.free4reader.com

# ပြန်မရနိုင်သော အတိတ်က အကယ်ဒမီညများ

အေးကြူလေး



အကယ်ဒမီကိုယခုနှစ်တွင် နိုင်ငံတော်အဆင့် ပွဲလမ်းသဘင်များသာ ကျင်းပပြုလုပ်ခွင့်ရလေ့ရှိသည့် ရန်ကုန်မြို့၊ မြေနီကုန်းရှိ ပြည်သူ့ရင်ပြင်တွင် မတ်လ ၁၈ရက်၊ ညပိုင်းက စည်းကားသိုက်မြိုက်စွာနဲ့ကျင်းပပြုလုပ်ခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နောက်ခံထား၍ ဆင်ယင်ကျင်းပခွင့်ရခဲ့သောကြောင့် မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် အင်မတန်ကိုမှ ပီတိဖြစ်မိသည်။မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ခုနှစ်မှစ၍'မေတ္တာနှင့် သူရာ' ဆိုသည့် ရုပ်ရှင်ဇာတ်ကားဖြင့် စတင်ခဲ့သည်။ ထိုခေတ်အခါက အကယ်ဒမီဆု ဆိုသည်မျိုး မြန်မာ့ရုပ်ရှင်မှာ မရှိခဲ့သေးပါ။ ထို့နောက် ၁၉၅၂ ခုနှစ် ပထမဦးဆုံး မြန်မာ့အကယ်ဒမီဆုပေးပွဲကြီးကိုမူ ရန်ကုန်မြို့တော်ခန်းမကြီးအတွင်းတွင် ကျင်းပခဲ့သည်ဟု မှတ်သားသိခဲ့ရသည်။ ထိုစဉ်ကတည်းက အကယ်ဒမီဆု ရသင့်ရထိုက်သူတို့ကို အဆုံး အဖြတ်ပေးရန်အတွက် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့ ဖြတ်အဖွဲ့ကိုလည်း ဖွဲ့စည်းထားနိုင်ခဲ့ သည်။ အကယ်ဒမီဆုပေးပွဲများ ထိုနှစ်မှစ၍ ဆက်တိုက်ပေးအပ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် တစ်နှစ်မပေးအပ်ဖြစ်ခဲ့ပါ။ ထို့အပြင် ၁၉၈၆၊ ၁၉၈၇၊၁၉၈၈ ခုနှစ်များတွင်လည်း အကယ်ဒမီဆုများကို မပေးအပ်ဖြစ်ခဲ့ပါ။

အကယ်ဒမီဆုပေးပွဲကို ပထမဦးဆုံးအဖြစ် ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပခဲ့ပြီးနောက်ပိုင်းနှစ်များတွင်မူ မှတ်မှတ်ရရဆိုလျှင် ယခင်တုန်းက 'ဝိဇယရုံ' ဆိုတာရှိသည်။ ထိုနေရာတွင်လည်း ပြုလုပ်ကျင်းပခဲ့ဖူးသည်။ စက်မှုအထက်တန်းကျောင်းမှာလည်းလုပ်ခဲ့ဖူးသည်။ နဝဒေးရုပ်ရှင်ရုံတွင် ကျင်းပပြု လုပ်ခဲ့ဖူး တာရှိသလို အင်းလျားလိတ်ဟိုတယ်မှာလည်း ကျင်းပပြုလုပ်ခဲ့ဖူးသည်။ ရုပ်ရှင်မြှင့်တင်ရေး၊ မြန်မာ့အသံ မြက်ခင်းပြင် စသည့်နေရာများတွင်လည်း ကျင်းပပြုလုပ်ခဲ့သည်၊ ထိုစဉ်အကယ်ဒမီပွဲများ ကျင်းပခဲ့စဉ်က ယခုကဲ့သို့ တက်ရောက်သူဦးရေ မများပြားသေးပါ။ အများဆုံးရှိမှ ၇၀၀ဦးရေပင်မပြည့်။ရုပ်ရှင် လောကသား အဖွဲ့ဦးရေ နည်းပါး သေးသည့်ခေတ်ဖြစ်သည်။(ယခုကဲ့သို့ ထောင်ဂဏန်းအထိ မများပြားသေးပါ)။ ထိုစဉ်က အကယ်ဒမီပွဲကို တက်ရောက်သတင်းယူသည့် မီဒီယာ သမားဆိုလျှင် ၇ ဦးလောက်သာ ရှိခဲ့သည်။ ထို့အပြင် ထိုစဉ်က မှတ်မှတ် ရရပြောပြရရင် အကယ်ဒမီဆုရရှိသည့် သူ့ဆိုသည်မှာ တကယ့်ကို ဝါရင့်သည့် အနုပညာသည်ကြီးတွေကသာလျှင် အကယ်ဒမီဆုများကို ဆွတ်ခူးယူခဲ့ကြသည် ဖြစ်သည်။ ကျွန်တော့် အတွက် မှတ်မှတ်ရရ အကယ်ဒမီပွဲတစ်ခုမှာ မြန်မာ့အသံ မြက်ခင်းပြင်ကွင်းထဲတွင် ပြုလုပ်ကျင်းပခဲ့သည့် ၁၉၇၃ခုနှစ် အကယ်ဒမီပင် ဖြစ်သည်။ ဒါရိုက်တာဆုကို မောင်ဝဏ္ဏက ဆွတ်ခူးရရှိခဲ့သည့် နှစ်ဖြစ်သည်။ ရရှိခဲ့သည့်ဇာတ်ကားက 'ကတ္တီပါဖိနပ်စီးရွှေထီးဆောင်း'ဖြစ်သည်။ ထိုစဉ်က ဒါရိုက်တာ မောင်ဝဏ္ဏမှာ တက္ကသိုလ်ကျောင်းသားဘဝ ပြီးခါစမှာပင် ရိုက်ကူးခဲ့သည့် ပထမဦးဆုံး ဇာတ်ကားဖြစ်သည်။ မောင်ဝဏ္ဏနှင့်ကျွန်တော်သည် အတော်ပင်ခင်မင်ရင်းနှီးသည့် သူငယ်ချင်းများ ဖြစ်ကြသည်။ သူ အကယ်ဒမီဆုရပြီဟု ကြေညာ လိုက်စဉ် ကျွန်တော်တို့ သူငယ်ချင်း များ အပျော်လွန်သွားခဲ့ပြီး ဒါရိုက်တာ မောင်ဝဏ္ဏကို မြှောက်ချီ မြန်မာ့အသံမြက်ခင်းကွင်းထဲတွင်

> မကြာမီ ရောက်ရှိလာမည့် နှစ်တစ်ရာပြည့်တွင်လည်း နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာဖြင့် ပြုလုပ်နိုင်ရန်၊ အာဆီယံအဆင့် ရုပ်ရှင်ပွဲတော်တစ်ခုအဖြစ် ကျင်းပနိုင်ရန် ဆိုသည်မှာ ရုပ်ရှင်လောကသားတို့၏ ကြိုးစားအားထုတ်မှုတွေများစွာ လိုအပ်သည်...

ပတ်ပြေးပြီး အောင်ပွဲခံခဲ့ကြသည်ကို ယခုအချိန်အထိ မှတ်ဉာဏ်များ အတွင်းမှ မထွက်သေးပါ။ ထို့အပြင် ထိုစဉ်က အကယ်ဒမီရရန် ရေပန်းစားသည့် အပြိုင်အဆိုင်ခေတ် ဖြစ်သော်လည်း တစ်ယောက်က အကယ်ဒမီ ဆုရသွားသည့်အပေါ် အကယ်ဒမီမရသည့်သူများက သွားရောက်ထွေးပွေ့ကြသည်။ ရိုးသားသည့် အပြုံးများဖြင့်အားပေးသည်။ ထွေးပွေ့သည်။ နှုတ်ဆက်ကြသည်။ ယခုခေတ်လိုမျိုး ဝေဖန်သံများမရှိ။ ပြန်မရနိုင်သည့် အကယ်ဒမီ အတိတ်နေ့ရက်များဖြစ်သည်။ ယခုခေတ်တွင်မူ ထိုကဲ့သို့ ခံစားမှုမျိုး အကယ်ဒမီဆုပေးပွဲတွင် သိပ်မ တွေ့ရသည်မို့ ပြန်မရနိုင်တော့ပေ။

သို့သော် ယခုနှစ် ပြည်သူ့ရင်ပြင်တွင် ကျင်းပခွင့်ရခဲ့သောကြောင့်ဝမ်းသာကြည်နူး ဖြစ်မိနေရသည်။ ယခုနှစ် အကယ်ဒမီကျင်းပရန် ရည်ရွယ်ပြီး ကျင်းပမည့် နေရာရှာဖွေရာတွင် အတော်ပင်အခက်အခဲ ရှိခဲ့သည်။ လူဦးရေများများဆံ့ချင်သော ဆန္ဒတို့ကြောင့် နေရာကျဉ်းမြောင်းသည့် နေရာများကို ရွေးချယ်၍ မဖြစ်ရာမှ အခက်အခဲဖြစ်လာပြီး နောက်ဆုံးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဆီတွင် အကူအညီတောင်းခဲ့ရာမှ ထိုနေရာတွင် ကျင်းပခွင့် ရခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ရင်ပြင်သည် နိုင်ငံတော်ပွဲများကိုသာ ကျင်းပလေ့ရှိသည့် နေရာဖြစ်သည်။

မြန်မာ့ ရုပ်ရှင်သည်လည်း နှစ်တစ်ရာပြည့်ဆီသို့ နီးကပ်လျက်ရှိလာပြီဖြစ်၍ ယခုနှစ်အကယ်ဒမီ၏ ရည်ရွယ်ချက်ကို မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်ဆီသို့ဆိုသည့် ဆောင်ပုဒ်ဖြင့် ဆင်ယင်ကျင်းပခဲ့သည်။ လာမည့် ၂၀၂၀ ခုနှစ်တွင် နှစ်တစ်ရာပြည့် ဆီရောက်ပြီဖြစ်သည်။ ငွေရတုပွဲတော်တုန်းကဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ရွှေရတု၊ စိန်ရတု စသည်ဖြင့် နိုင်ငံတော် အဆင့်ဖြင့် မြန်မာ့ရုပ်ရှင် ပွဲတော်ကို ကျင်းပခဲ့သည်။ ထိုစဉ်က ရုပ်ရှင်နှင့် ပတ်သက်သည့် ပျော်ပွဲရွှင်ပွဲများစွာကို တပ်မတော်ခန်းမကြီး အတွင်းတွင်ပြုလုပ်ခဲ့သည်။ ညပိုင်း ရောက်သည့်အခါတွင် နိုင်ဒါကွင်း၌ ရုပ်ရှင်နှင့် သက်ဆိုင်သည့် ပျော်ပွဲ ရွှင်ပွဲများစွာဖြင့် ဖြတ်သန်းခဲ့ကြသည်။ မကြာမီ ရောက်ရှိလာမည့် နှစ်တစ်ရာပြည့်တွင်လည်း နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာဖြင့် ပြုလုပ်နိုင်ရန်၊ အာဆီယံအဆင့်ရုပ်ရှင် ပွဲတော်တစ်ခုအဖြစ် ကျင်းပနိုင်ရန် ဆိုသည်မှာ ရုပ်ရှင်လောကသားတို့၏ ကြိုးစားအားထုတ်မှုများစွာလည်း လိုအပ်လှသည်။ထို့အပြင်နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု 'အား'များစွာလည်း လိုအပ်နေသည်က အမှန်ပင်ဖြစ်သည်။

အေးကြူလေး



**မိုးယံဇွန်**
လက်ဝတ်ရတနာ - ဝိန္ဒီဝိန္ဒီ
ပိုးထည် - နန်းခေတ်(အမရပူရ)
ဝတ်စုံ - Aroma(Zulu Studio)

**ဒိန်းလင်း**
လက်ဝတ်ရတနာ - ဝိန္ဒီဝိန္ဒီ
ပိုးထည် - နန်းခေတ်(အမရပူရ)
ဝတ်စုံ - Aroma(Zulu Studio)

**ဇေနယ်**
ဝတ်စုံဒီဇိုင်နာ - ကိုညီ (Perfect)
ပိုးထည် - မြို့ကြီးသူ
မိတ်ကပ် - ကာ့ဇေ့တစ်သန်း

**သုရိယ**
လက်ဝတ်ရတနာ - ဝိန္ဒီဝိန္ဒီ
ပိုးထည် - နန်းခေတ်(အမရပူရ)
ဝတ်စုံ - Aroma(Zulu Studio)

**ကျော်ကျော်**
ဝတ်စုံဒီဇိုင်နာ - ရတီမိုးမြင့်(ရတီတော်ဝင်)
မိတ်ကပ်ဆံပင် - ကိုဒီတ်
မိနပ် - ဇဝီနီဘီနီသာ(မမိုးမိုးစိုး)

**အောင်မြင့်**
လက်ဝတ်ရတနာ - ဝိန္ဒီဝိန္ဒီ
ပိုးထည် - နန်းခေတ်(အမရပူရ)
ဝတ်စုံ - Aroma(Zulu Studio)

www.free4reader.com






ဒိုဘယ်ကျော်ကျော် | ချမ်းမေမြတ်နိုး | ဘေဘီမောင် | ကေရီစုစံ | နိုနိုကေ | ခရစ္စတီးနား

www.free4reader.com

VeVe

၂၀၁၆ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုကို ထိုက်တန်စွာဆွတ်ခူးရရှိသွားသော

VeVe BRAND AMBASSADOR ထွန်းထွန်း ကို VeVe အချိုရည်မိသားစု မှ

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။







Green Circle Co.,Ltd.


# အကယ်ဒမီပွဲအပြီး အောင်ပွဲခံခဲ့ကြတဲ့ အကယ်ဒမီဆုရ အနုပညာရှင်များ











၂၀၁၆ခုနှစ်အတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲမှာ အကယ်ဒမီဆုအသီးသီးရရှိခဲ့ကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ အကယ်ဒမီပွဲအပြီး အောင်ပွဲခံခြင်းကို မတ်လ ၁၈ရက်နေ့ည အကယ်ဒမီပွဲအပြီးက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ Yangon Restaurant မှာ ပြုလုပ်ခဲ့ပါတယ်။

အဲဒီ အကယ်ဒမီဂုဏ်ပြုညစာခံပွဲကိုတော့ မဟာ TV Network ကနေပြီးတော့ စီစဉ်ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။ အကယ်ဒမီဆုရ အနုပညာရှင်တွေနဲ့အတူ အကယ်ဒမီ စာရင်းဝင်ဇာတ်ကား (၃၃)ကားမှာ ပါဝင်ကြတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေလည်း တက်ရောက်ဂုဏ်ပြုခဲ့ကြပါတယ်။





"မြန်မာပြည်မှာရှိတဲ့မရောက်ဖူးသေးတဲ့၊ ကျောက်စိမ်းထွက်တဲ့၊ အဲဒီမော်တွေထဲကိုမြင်ဖူးစေချင်တဲ့ စေတနာနဲ့ အရင်းခံပြီး ဒီဇာတ်လမ်းလေးတည်ခဲ့တာပါ"

ကျွန်မတို့ တောင်ပေါ်သားအချင်းချင်း တစ်ဦးနဲ့တစ်ဦး မျှော်လင့်ချက်မရှိဘဲနဲ့ ပိုင်းဝန်းပြီး ကြိုးစားခဲ့ကြတဲ့ ကျွန်မတို့ရဲ့ 'မနောမြေမှ ကျောက်ကမ္ဘာ' ဖြစ်ပါတယ်။ ကမ္ဘာမှာ မြန်မာ့ ကျောက်စိမ်းရယ်လို့ လူတွေသိနေတာရယ်၊ မြန်မာပြည်မှာရှိတဲ့ မရောက်ဖူးသေးတဲ့၊ ကျောက်စိမ်းထွက်တဲ့၊ မော်တွေထဲကို မြင်ဖူးစေချင်တဲ့ စေတနာနဲ့ အရင်းခံပြီး ဒီဇာတ်လမ်းလေး ‹ ခဲ့တာပါ။ တကယ်တမ်း ဖြစ်ခဲ့တဲ့ ဘဝပေါင်းများစွာ၊ အသက်ပေါင်း၊ ချွေးမ များစွာ ရင်းပြီးမှ ကျောက်ကောင်း တစ်ပွင့်ဖြစ်ဖို့အတွက် ကြိုးစား ခဲ့ကြ ပါ။ ဒီလို ကြိုးစားရတာမှာလည်း အားလုံးကို မျှဝေနိုင်အောင်လို့ အ တောင်ပေါ် သားရော မြေပြန့်ရော၊ ကမ်းကိုးတန်းပါမကျန် စည်းစည်းလုံး ကိုယ့်နိုင်ငံအတွက် တန်ဖိုးရှိတဲ့ လူတွေဖြစ်ဖို့အတွက် ရည်ရွယ်ပြီး ပေ ပြသခြင်းဖြစ်ပါတယ်။ အထူးကျေးဇူးတင်ချင်တာကတော့ ကိုဒေါင်လွ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကချင်တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေပါ။ တ ချစ်ဖို့ကောင်းပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိသလို တ ကြိုးစားကြတယ်။ သူတို့ အားလုံးဟာ နောင်တစ်ချိန်ကျရင် ထွန်းတောက် မယ့်သူတွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မဒီဆုကို မြတ်မြတ်နိုးနိုးနဲ့ ကိုယ် ယူတာပါ။ ကြွရောက်လာတဲ့ ပရိသတ်များအားလုံးကိုလည်း 'မနော ကျောက်စိမ်းကမ္ဘာ'ကို အားပေးကြပါ။ အစွမ်းကုန်ကြိုးစားထားပါတယ်

*ဗိုလ်မြန်မာစီဒီယာရုပ်ရှင်ထုတ်လုပ်ရေး (အထူးဆု-မနောမြေမှ ကျောက်စိမ်း*

www.free4reader.com

